# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၄၂ ရက်မြောက်နေ့ အစီအစဉ်

# [ ၉-၄-၂၀၁၅ ] ( ကြာသပတေးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်နိုင်ငွေး၊ အင်းတော် မဲဆန္ဒနယ်၏ **အင်းတော်မြို့နယ်၊ ဘုရောင်းကျေးရွာအနီးတွင် ကျောက်မျက်ကုမ္ပဏီတစ်ခုသည် စက်ယန္တရားများ(backhoes + heavy trucks)ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ လုပ်ဆောင်နေခြင်း၊ သစ်တောကြိုးဝိုင်း မြေဖြစ်၍ လုပ်ငန်းရပ်ဆိုင်းကန့်ကွက်လွှာ ပို့သော်လည်း လုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေခြင်း တို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ကျောက်စိမ်း ဖော်ထုတ် လုပ်ကွက်များ ခွင့်ပြုခြင်းသည် ဥပဒေနှင့် ညီ၊ မညီ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းနွံ၊ ရွာတော မဲဆန္ဒနယ်၏ **ရွာတောမြို့နယ်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးပြီး လိုအပ်သော နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ အရင်းအနှီးများ ပံ့ပိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ညောင်ဦးမြို့နယ်၊ မြေနဲလေး ကျေးရွာမှ ဦးကျောက်ခဲပါ (၅) ဦးပိုင် ကွင်းအမှတ် (၁၄၄၁) ဧက (၂၀)ကျော်ရှိ မြေယာများကို လေယာဉ်ကွင်းမြောက်ဘက်သို့ တိုးချဲ့ရန် သိမ်းယူခဲ့ရာ တိုးချဲ့ရန် အစီအစဉ်မရှိတော့ပါသဖြင့် ယာလုပ်ပိုင်ခွင့် ပုံစံ(၇) အား ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော **" တစ်လင်တစ်မယား စနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက လွှတ်တော်သို့ တင်ပြခြင်း၊

၇။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်က **" မြန်မာနိုင်ငံသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း၊

၈။ **" မြန်မာနိုင်ငံသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်း"** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဒုတိယဥက္ကဋ္ဌက ကြေညာခြင်း၊။

၁၀။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၃ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။